# NEWSLETTER

Village Link Company Limited






## JOINS MYANMAR CLIMATE ACTION WEEK 2024

UN-Habitat Myanmar မှဦးဆောင်ကာ နယ်ပယ်အသီးသီးမှ Climate stakeholders များပါဝင်ကြပြီး Myanmar Climate Action Week 2024 ကို June 24-29 တွင်ကျင်းပခဲ့ပါသည်။
Village Link Company အနေဖြင့် Jun 27,2024 တွင် Organizers : Mercy Crops and Myanmar KOEI တို့က ကြီးမှူးဆောင်ရွက် သော "Climate-Smart Aquaculture through Private Sector Engagement" ပွဲတွင်ပူးပေါင်းပါဝင်ကာ လက်ရှိ Village Link Company ၏ "ထွက်တိုး" Application ဖြင့် မွေးမြူရေး၊ရေလုပ်ငန်း နှင့်စိုက်ပျိုးရေးကဏ္ဍများကိုအကူညီပေးနေပုံများကိုရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။ ထို့အတူ လက်ရှိ "ထွက်တိုး" ၏ တိကျသော ရာသီဥတုဆိုင်ရာခန့်မှန်းချက်များနှင့် မွေးမြူရေး၊ ရေလုပ်ငန်း နှင့်စိုက်ပျိုးရေးကဏ္ဍများအတွက် ပညာရှင်များ၏အကြံပြုချက်များရယူနိုင်ပုံနှင့် ထွက်တိုး အပ်ပလီကေးရှင်းတွင်ပါဝင်သော အချက်အလက်များကိုဝေမျှပေးခဲ့ပါသည်။



# NEW DEVELOPMENT

## ရွှေဘိုပေါ်ဆန်းဆန်အတွက် ခြေရာခံစနစ်

ယခုလအတွင်း Shwe Bo Paw San Association အတွက် ဆန်စပါးရောင်းဝယ်ခြင်း ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ရွှေဘိုပေါ်ဆန်း အတုအပများကင်းဝေးစေရန်ရည်ရွယ်ကာ Village Link Company မှ "Shwe Trace - ရွှေဘိုပေါ်ဆန်း ခြေရာခံကိရိယာ မိုဘိုင်းအက်ပ်လီကေးရှင်းကို ဆောင်ရွက်ပေးကာ Live စတင်အသုံးပြုခြင်းများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
ရွှေဘိုပေါ်ဆန်းဆန်အတွက် ခြေရာခံစနစ်သည် လယ်ကွင်းမှစ၍ ဈေးကွက်အထိ ခရီးစဉ်တစ်ခုလုံးကို စနစ်တကျ ခြေရာခံရန် အတွက် ဖန်တီးထားပါသည်။ ဒီစနစ်သည် နိုင်ငံတစ်ဝန်းရှိ ဆန်ထုတ်လုပ်ခြင်း၊ အပြောင်းအလဲများနှင့် ဖြန့်ဖြူးခြင်းတို့ကို အကျိုးသက်ရောက်စွာ စောင့်ကြည့်စီမံခန့်ခွဲရန် ကူညီပေးသည်။




+959 750 211 441
info@villagelink.co
95A, Kyaik Wine Pagoda Road, Yangon